# ကိုလိုနီခေတ် မြန်မာဝတ္ထုတို အတတ်ပညာ
# ဖွံ့ဖြိုးတိုးတက်မှုအစဉ် လေ့လာချက်

ပါရဂူ (Ph D) ဘွဲ့အတွက် တင်သွင်းသောကျမ်း


မသွင်သွင်အောင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ

## ကျမ်းအကျဉ်းချုပ်

"ကိုလိုနီခေတ် မြန်မာဝတ္ထုတိုအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုအစဉ် လေ့လာချက်"ကျမ်းသည် ကိုလိုနီခေတ်တွင် မြန်မာဝတ္ထုတိုအတတ်ပညာများ နှစ်အစဉ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာတင်ပြထားသောကျမ်း ဖြစ်ပါသည်။ ဤကျမ်းကို အခန်း (၅) ခန်းခွဲကာ လေ့လာတင်ပြထားပါသည်။ အခန်း (၁) တွင်ဝတ္ထုတိုသဘောသဘာဝများကို ပညာရှင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ဖော်ပြထားပါသည်။ အခန်း (၂) တွင် ကိုလိုနီခေတ်၏ ဝတ္ထုတိုသဘောကို ခေတ်အခြေအနေနှင့် ထင်ဟပ်ကာ တင်ပြထားသည်။ အခန်း (၃) တွင် ဝတ္ထုတို၏ အတတ်ပညာကို တင်ပြ၍ ဝတ္ထုတိုအင်္ဂါရပ်များ၏ အယူအဆ၊ ဖွင့်ဆိုချက်များကို ဖော်ပြထားပါသည်။ အခန်း (၄) တွင် ၁၉၂၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ တွေ့ရသော မြန်မာဝတ္ထုတိုများ၏ အတတ်ပညာများကို သာဓကဝတ္ထုတိုများနှင့် နှစ်အစဉ်အလိုက် လေ့လာတင်ပြထားပါသည်။ အခန်း (၅) တွင် ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၇ ခုနှစ်ထိ တွေ့ရသော မြန်မာဝတ္ထုတိုများ၏ အတတ်ပညာများကို သာဓကဝတ္ထုတိုများနှင့် နှစ်အစဉ်အလိုက် လေ့လာတင်ပြထားပါသည်။ ထို့နောက် အခန်း (၅) ခန်းစလုံးကို ခြုံငုံ၍ မြန်မာဝတ္ထုတိုများ၏ အတတ်ပညာဖွံ့ဖြိုးတိုးတက်လာပုံကို နှစ်စဉ် အလိုက် သုံးသပ်တင်ပြထားပါသည်။